National League for Democracy (Liberated Area) Korea Branch

165-9( 102 ) Simkog-2Dong, Wonmi-gu, Bucheon City, Kyung-gi Do, 420-012, Republic of Korea
http://www.nldla.com Tel/fax:( 82 ) 32 – 656 - 6932
http://www.nldla.or.kr E-mail:nldlakorea@yahoo.com

## အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့ City park ပန်းခြံအတွင်းမှ အစာငတ်ခံဆန္ဒပြနေသော ဒီမိုကရေစီတိုက်ပွဲဝင်ရဲဘော်များသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ကိုရီးယားဌာနခွဲ ပေးပို့သောသဝဏ်လွှာ

ရဲဘော်တို့ –

အမိမြန်မာနိုင်ငံ ဒီမိုကရေစီနှင့်လူ့အခွင့်ရေးများ အပြည့်အဝ အမြန်ဆုံးရရှိနိုင်စေရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အမြန်ဆုံးထိရောက်စွာ ဝင်ရောက်ကိုင်တွယ်ဖြေရှင်းပေးရန်တည်းဟူသောရည်ရွယ်ချက်ဖြင့် ရဲဘော်တို့၏ အသက်နှင့်ခန္ဓာကိုယ်ကို မငဲ့ကွက်ပဲ အရိုးကြေကြေ အရေခန်းခန်း ပင်ပန်းဆင်းရဲမှုကြီးစွာဖြင့် ခရီးရှည်ချီတက်ခဲ့ကြပြီးနောက် ယနေ့အချိန်အထိတိုင်အောင် အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့ City park ပန်းခြံအတွင်း အစာငတ်ခံဆန္ဒပြသကာ မလျှော့သောဇွဲလုံ့လဖြင့် တစိုက်မတ်မတ် တောင်းဆိုတိုက်ပွဲဝင်နေကြသည့် တိုက်ပွဲဝင် အာဇာနည်သူရဲကောင်း ရဲဘော်တို့အား ကျွန်ုပ်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ကိုရီးယားဌာနခွဲ အနေဖြင့် အထူးလေးစားဂုဏ်ယူ အသိမှတ်ပြုဦးညွှတ်အပ်ပါသည်ဟု ပထမဦးစွာပြောကြားလိုပါသည်။

ရဲဘော်တို့ –

အမိမြန်မာနိုင်ငံ ဒီမိုကရေစီနှင့် လူ့အခွင့်ရေးအတွက် ရဲဘော်တို့၏ ယခုကဲ့သို့ဆန္ဒပြသမှုတိုက်ပွဲသည် ယနေ့ကျင်းပပြုလုပ်နေသည့်ကုလသမဂ္ဂအထွေထွေညီလာခံကြီးအတွင်းစုရုံးရောက်ရှိနေကြသောလူသားချင်းကိုယ်ချင်းစာနားလည်ပြီး ယဉ်ကျေးသိမ်မွေ့သည့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနမ်နှင့် နိုင်ငံတကာမှခေါင်းဆောင်များအားလုံး၏ နှလုံးသားကို အပြင်းထန်ဆုံးရိုက်ခိုက်နိုင်စေပြီး ရဲဘော်တို့၏ ငြိမ်းချမ်းသောတိုက်ပွဲမှသည် ကျွန်ုပ်တို့၏ အမိမြန်မာနိုင်ငံအတွင်း စစ်မှန်သောဒီမိုကရေစီနှင့် ပြည့်ဝသောလူ့အခွင့်အရေးများ အမြန်ဆုံးရရှိနိုင်စေရေးအတွက် ထိရောက်သောသက်ရောက်မှုသေချာပေါက်ရရှိနိုင်လိမ့်မည်ဟု အကြွင်းမဲ့ယုံကြည်မိပါသည်။

ရဲဘော်တို့ –

ကျွန်ုပ်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ကိုရီးယားဌာနခွဲမှ တိုက်ပွဲဝင်ရဲဘော်များအနေဖြင့်လည်း ယခုအချိန်အထိတိုင်အောင် အစာငတ်ခံဆန္ဒပြသရင်းတိုက်ပွဲဝင်နေသော အာဇာနည်သူရဲကောင်း ရဲဘော်ညီအစ်ကိုတို့နှင့် အတူတကွ တသွေးတည်း တသားတည်း ရှိနေပါကြောင်းနှင့် ရဲဘော်တို့၏ တိုက်ပွဲကိုလည်း အထူးအသိအမှတ်ပြု လေးစားတန်ဖိုးထားပါကြောင်း ဤသဝဏ်လွှာကိုပေးပို့အပ်ပါသည်။

### ဒီမိုကရေစီ အရေးတော်ပုံ မုချအောင်ရမည်။

အလုပ်အမှုဆောင်အဖွဲ့
အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်
( လွတ်မြောက်နယ်မြေ ) ကိုရီးယားဌာနခွဲ

၂၀၀၄–ခုနှစ်၊ စက်တင်ဘာလ(၂၇)ရက်